ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# ဆတ်ရိုးကျရပ်ကွက်(ဗျိုင်းဖြူရွာ) မှ အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ - ၂၀၂၄ခုနှစ်၊ ဇွန်လ (၄) ရက်။

စာအမှတ် - ရကလစ/ဗဟို/ထုတ်ပြန်/၂/၂၄။

၁။ ၂၀၂၄ခုနှစ်၊ မေလ (၂၉) ရက်နေ့ မြန်မာစံတော်ချိန် (၁၂း၀၀) နာရီခန့်တွင် ရခိုင်ပြည်၊ စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်(ဗျိုင်းဖြူရွာ) သို့ စစ်ကောင်စီ၏ ဒကစ (စစ်တွေ) လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာကာ ရွာသားများအား လမ်းမပေါ်သို့ထွက်ခိုင်းပြီး အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများအား လမ်းတဖက်တချက်၌ တန်းစီကာ ရိုက်နှက်ခဲ့ကြောင်း သိရသည်။

၂။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အမျိုးသားများ၏မျက်နှာကို အသင့်ယူဆောင်လာသော ပိတ်စအမဲဖြင့် စည်းနှောင်ခြင်း၊ တချို့ကို ၎င်းတို့၏အဝတ်ဖြင့် စည်းနှောင်ခြင်း၊ လက်ပြန်ကြိုးတုပ်၍ ရိုက်နှက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ညနေမိုးချုပ်ချိန်တွင် အမျိုးသားများအား ရွာ၏အရှေ့ဘက် ရေကန်နံဘေးသို့ ခေါ်ဆောင်၍ ရိုက်နှက်စစ်ဆေးပြီး၊ ထိုမှတဆင့် ရွာမြောက်ဘက်သင်္ချိုင်းသို့ ခေါ်ဆောင်၍ ထပ်မံစစ်ဆေး ညှဉ်းပန်းနှိပ်စက်ကာ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း သိရသည်။ ပစ်ခတ်သတ်ဖြတ်သော သေနတ်သံကို ကြားရသောကြောင့် အမျိုးသမီးတဦးလည်း နှလုံးရပ်၍ သေဆုံးသွားခဲ့သည်။

၃။ စစ်ကောင်စီ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် ဗျိုင်းဖြူရွာမှ အမျိုးသား (၄၈) ဦးနှင့် အမျိုးသမီး (၅) ဦးသေဆုံးကာ အမျိုးသမီး (၂) ဦးမှာ မုဒိန်းကျင့် သတ်ဖြတ်ခံခဲ့ရကြောင်း ကြားသိရသည်။ တချို့အမျိုးသားများမှာ လက်ရှိအချိန်ထိ ဖမ်းဆီးစစ်ဆေးခံနေရပြီး ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခံရသော အမျိုးသားများထဲတွင် အရွယ်မရောက်သေးသည့် လူငယ်နှင့် ကျောင်းသားများလည်းပါဝင်ကြောင်း သိရသည်။ ဗျိုင်းဖြူရွာသား အားလုံးမှာလည်း နေရပ်စွန့်ခွါတိမ်းရှောင်ခဲ့ကြရပြီး တချို့မှာ စစ်တွေမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများ၌ ခိုလှုံနေကြရသည်။

၄။ စစ်ကောင်စီသည် ဗျိုင်းဖြူရွာသားများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သလို လက်နက်ကိုင်ပဋိပက္ခကာလတလျှောက်တွင် ရခိုင်ပြည်ရှိ အပြစ်မဲ့အရပ်သားပြည်သူများအား ရေကြောင်း၊ လေကြောင်းမှ ပစ်ခတ်ခြင်း၊ ကြည်းတပ်အင်အားဖြင့် လူမဆန်စွာ ပြုမူရက်စက်သတ်ဖြတ်နေခြင်းမှာ လူ့အခွင့်အရေးချိုးဖောက်ရုံမျှမက စစ်ရာဇဝတ်မှုကို ပြောင်ပြောင်တင်းတင်း ထပ်မံကျူးလွန်နေခြင်းပင်ဖြစ်သည်။

၅။ ရခိုင်ပြည်တွင် စစ်ရေးရှုံးနိမ့်နေသည့် စစ်ကောင်စီသည် ရခိုင်ပြည်သူများအား ပစ်မှတ်ထား၍ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ မြို့ရွာ၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း စသည့်လုပ်ရပ်များကို ကျူးလွန်နေသည့်အပေါ်တွင် မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) မှ ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။

၆။ စောမြရာဇာလင်းဦးဆောင်သော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) သည်လည်း ရခိုင်ပြည်အနှံ့အပြား၌ စစ်ရာဇဝတ်မှုကျူးလွန်နေသည့် စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း ဝေဖန်သံများကို ကြိမ်ဖန်များစွာ ကြားသိရသောကြောင့် မိမိတို့အနေဖြင့် အထူးပင်စိတ်မကောင်း ဖြစ်ရပါသည်။ တော်လှန်ရေးအစဉ်အလာရှိသော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အမည်ကိုအသုံးပြု၍ ဖက်ဆစ်တပ်များနှင့် ပူးပေါင်းကာ လူထုဆန့်ကျင်ရေးလုပ်ငန်းများ၌ ပါဝင်နေမည်ဆိုပါက ရခိုင်အမျိုးသားလွတ်မြောက်ရေးလမ်းကြောင်းမှ သွေဖီသွားမည်ကို အထူးပင်သတိထားရန် လိုအပ်ပေသည်။

၇။ ရခိုင်ပြည်သူလူထုအပေါ် စစ်ရာဇဝတ်မှုကျူးလွန်သူ စစ်ကောင်စီအား အပြစ်ပေးအရေးယူနိုင်ရန်အတွက် မိမိတို့ AASYC အနေဖြင့် ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပရှိ အင်အားစုအားလုံးနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပြီး ကျူးလွန်ခံရသော မိသားစုများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကူညီစောင့်ရှောက်မှုများကိုလည်း တတ်စွမ်းသမျှ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)